**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ**

ဖုန်း- ၀၆၇ ၃၄၃၀၅၃၈၊ ၀၆၇ ၃၄၃၀၁၉၀၊ အီးမေးလ် - mfi@frd.gov.mm

စာအမှတ်၊ ကက - ၁ / ၆ ( ၇၈၅ / ၂၀၂၀)

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလ ၁၃ ရက်

အကြောင်းအရာ။ **Covid-19 ရောဂါဖြစ်ပွားနေသည့် ကာလအတွင်း အသေးစား ငွေရေးကြေးရေး အဖွဲ့အစည်းများ လိုက်နာဆောင်ရွက်ရန်အချက်များ အကြောင်းကြားခြင်း**

ရည်ညွှန်းချက် ။ (၁) အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ၏ ၆-၄-၂၀၂၀ ရက်စွဲပါ ညွှန်ကြားချက်အမှတ်(၂/၂၀၂၀)

(၂) အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ၏ ၂၉-၄-၂၀၂၀ ရက်စွဲပါ စာအမှတ်၊ ကက- ၁ / ၆( ၃၁၈ / ၂၀၂၀ )ဖြင့် ထုတ်ပြန်သည့် အကြောင်းကြားစာ

၁။ Covid-19 ရောဂါဖြစ်ပွားစဉ်ကာလအတွင်း အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများ လိုက်နာဆောင်ရွက်ရန်အချက်များကို အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ၏ ရည်ညွှန်းချက်(၁)ပါ ညွှန်ကြားချက်အမှတ်(၂/၂၀၂၀) နှင့် ရည်ညွှန်းချက်(၂)ပါစာတို့ဖြင့် ညွှန်ကြားခဲ့ပြီး ဖြစ်ပါသည်။ အထက်ပါ ညွှန်ကြားချက်များကို အခြေခံ၍ တိုင်းဒေသကြီး/ ပြည်နယ်အသေးစား ငွေရေးကြေးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီများက ဒေသန္တရအမိန့်များ ထပ်ဆင့် ထုတ်ပြန်ခဲ့ပါသည်။

၂။ **Covid-19 ကပ်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် Covid-19 ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန တို့က အမိန့်၊ ညွှန်ကြားချက်များ ထပ်မံထုတ်ပြန်ဆောင်ရွက်လျက်ရှိသဖြင့် အသင်းဝင်များ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများ လည်ပတ်မှုကျဆင်းနေသည့် ကာလ အတွင်း အသင်းဝင်များမှ ပြန်လည်ပေးဆပ်ရမည့် ချေးငွေ အတိုးနှင့်အရင်းများ အတင်းအကြပ် ကောက်ခံခြင်း မပြုလုပ်ကြရန်နှင့် အသင်းဝင်များမှ ပေးဆပ်နိုင်မည့် အချိန်ကိုညှိနှိုင်း၍ ကောက်ခံ ရန် ထပ်မံအကြောင်းကြားအပ်ပါသည်။**

၃။ အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများအနေဖြင့် အထက်ပါညွှန်ကြားချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ကြရန်နှင့် လိုက်နာဆောင်ရွက်မှုမရှိကြောင်း စိစစ်တွေ့ရှိရပါက အသေးစား ငွေရေးကြေးရေးလုပ်ငန်းဥပဒေပါ စီမံခန့်ခွဲရေးနည်းလမ်းများနှင့်အညီ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း အကြောင်းကြားအပ်ပါသည်။

၃၁/၁၀/၂၀၂၀

ဥက္ကဋ္ဌ(ကိုယ်စား)

(ဇော်နိုင်၊ အတွင်းရေးမှူး)

**ဖြန့်ဝေခြင်း**

စီမံကိန်း၊ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန၊
အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဝင်များအားလုံး၊
ပြည်ထောင်စုနယ်မြေ နေပြည်တော်၊တိုင်းဒေသကြီး/ပြည်နယ် အသေးစားငွေရေးကြေးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီများအားလုံး၊
အထက်မြန်မာပြည်ညွှန်ကြားရေးမှူး/အောက်မြန်မာပြည်ညွှန်ကြားရေးမှူး
ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊
ဦးစီးမှူးများအားလုံး၊ ပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်
ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊
မြန်မာနိုင်ငံအသေးစားငွေရေးကြေးရေးလုပ်ငန်းများကူညီရေးအသင်း
အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများအားလုံး။

မိတ္တူကို
ရုံးလက်ခံ
မျှောစာ